## ညည့်နှင်နည်း

"ကလေးမရယ် အသံလည်းမကောင်းဘဲနဲ့ ဘာလို့ သီချင်းအော်ဆိုရတာလဲကွဲ့"

"သမီးက မဆိုချင်ပါဘူး။ ဒါပေမယ့် မေမေက ညည့်သည်တွေ နှင်ချင်တဲ့အခါမှာ အခုလိုအော်ဆိုခိုင်းလို့ပါ"

❖

## ရိုက်မှာစိုးလို့

"သားရေ ဟောဒါ အသစ်ပြောင်းလာတဲ့ ဘေးခန်းက အန်တီလေးကွယ့်။ မိတ်ဆက်တဲ့အနေနဲ့ အန်တီ့ကို မွှေးမွှေးပေးလိုက်ပါဦး"

"ဟင့်အင်း၊ သားကြောက်တယ်မေမေ"

"ဘာဖြစ်လို့လဲ"

"မနေ့က သူ့ကို ဖေဖေသွားနမ်းတာ ပါးရိုက်လွှတ်လိုက်တယ်ဗျ"

❖



## သူဆိုရင် လက်တည့်တယ်

"ဟော့လူ ဟောဟိုမှာစုပြီး ကစားနေတဲ့ကလေးငယ်တွေထဲက ကျွန်တော့်ကို ခဲနဲ့ လှမ်းပေါက်တာ ခင်ဗျားသားဖြစ်မယ်ထင်တယ်"

"ခင်ဗျားကို ထိသွားလို့လား"

"ဟင့်အင်း"

"အဲဒါဆို ကျွန်တော့်သားမဟုတ်ဘူး"

❖

## ယုံကြည်လာသူ

"ငါ့မိန်းမက ငါ့ကို ဘာသာရေးသမားဖြစ်အောင် လုပ်ပေးလိုက်တယ်ကွ"

"ဘယ်လိုလုပ်ပေးတာလဲ သူငယ်ချင်း"

"သူနဲ့လက်မထပ်ခင်အထိ ငရဲရှိတယ်ဆိုတာ ငါ မယုံခဲ့ဘူးလေ"

❖